# မွေးရာပါ အထုံပါရမီရှိသူနှင့်သက်ဆိုင်သော သတင်းအချက်အလက် ည 8/21/24 (မေးခွန်းများ)

1. **ခရိုင်အတွင်း အသုံးပြုသည့် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေး နမူနာမော်ဒယ် အမျိုးမျိုး (အစုလိုက်၊ အဆင့်မြင့် သင်ရိုးအကြောင်းအရာ၊ ဆွဲထုတ်မှု အစရှိသည်တို့) အကြား အဓိက ကွဲပြားခြားနားမှုများမှာ မည်ကဲ့သို့နည်း။** -Georgia ပညာရေးဌာနသည် ဤသင်ကြားပို့ချမှု နမူနာမော်ဒယ်များအား အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သတ်မှတ်ထားပါသည် - **အစုလိုက် အုပ်စုဖွဲ့ ခြင်း (Cluster Grouping) -** မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာတစ်ဦးမှ ကျောင်းသားများအား သင်ကြားပေးသွားမည် ဖြစ်သည်။ အကြောင်းအရာ၊ လုပ်ငန်းစဉ်၊ ထွက်ရှိမှုရလဒ် နှင့်/သို့မဟုတ် အကဲဖြတ်စစ်ဆေးမှုများအလိုက် သင်ကြားပို့ချမှုအား ပိုင်းခြားထားသည်။ **အဆင့်မြင့် သင်ရိုးအကြောင်းအရာ (Advanced Content)** - မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာတစ်ဦးမှ ကျောင်းသားများအား သင်ကြားပေးသွားမည် ဖြစ်သည်။ လုပ်ငန်းစဉ် ကျွမ်းကျင်မှုများ၊ ပြဿနာဖြေရှင်းမှု လှုပ်ရှားဆောင်ရွက်မှုများ၊ သုတေသန ပရောဂျက်များ နှင့်/သို့မဟုတ် တီထွင်ဖန်တီးမှုရှိသော/ပြဿနာ ဖြေရှင်းသော တွေးခေါ်နိုင်စွမ်း ကျွမ်းကျင်မှုများ အစရှိသည်တို့အပေါ်တွင် အဓိကအာရုံပြု အသားပေးထားသည်။ **အရင်းအမြစ် နမူနာမော်ဒယ် (Resource Model)** - မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာတစ်ဦးသည် ကျောင်းသားများအား "ဆွဲထုတ်ပေးသည်" ။ သင်ခန်းစာများသည် ဘာသာရပ်နယ်ပယ်ပေါင်းစုံ ပါဝင်ပြီး၊ အသိဉာဏ်ကြွယ်ဝစေကာ တိုးချဲ့ဆောင်ရွက်ပေးထားသော လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်ကြပြီး၊ ၎င်းဂရိတ်အဆင့်တွင်ရှိသော ပုံမှန် ကျောင်းသားတစ်ဦး ရရှိသည့် အတိုင်းအတာများထက် ကျော်လွန်ပေသည်။ https://lor2.gadoe.org/gadoe/file/1dacad8d-a918-4dcc-afae-4ab1172eda82/1/_2024-2025%20Gifted%20Resource%20Manual_.pdf

2. **ခရိုင်အနေနှင့် စာသင်ကျောင်းများ အားလုံးရှိ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအား ဖော်ထုတ်၍ ဝန်ဆောင်မှုပေးရာတွင် မျှတမှုရှိစေရန်ငှာ မည်သို့ ဖြေရှင်းဆောင်ရွက်ပေးမည်နည်း။**
မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီနိုင်သော ကျောင်းသားတိုင်းသည် ၎င်းအခွင့်အရေးအား တတ်စွမ်းရရှိသင့်သည်ဟူသော သဘောတရားကို DeKalb ကောင်တီကျောင်းခရိုင်မှ လက်ကိုင်ကျင့်သုံးထားပေသည်။ သို့ဖြစ်သောကြောင့်ငှာ မွေးရာပါ အထုံပါရမီရှိသူအဖြစ် အရည်အချင်းပြည့်မီမှု ရှိ၊မရှိ သတ်မှတ်ဆုံးဖြတ်ပေးမည့် နည်းလမ်းအမျိုးမျိုးအား ကျွန်ုပ်တို့၏ ကျောင်းသားများအတွက် ထောက်ပံ့ပေးထားရခြင်းဖြစ်ပြီး၊ – ဤတွင် ကျောင်းစာသင်နှစ်အတွင်း အမျိုးမျိုးသော အကဲဖြတ်စစ်ဆေးမှု ကာလများ၊ ထို့ပြင် (Georgia ပညာရေးဌာနမှ ထောက်ခံခွင့်ပြုထားသည့်) အမျိုးမျိုးသော ကိရိယာများအား အသုံးပြု၍ စစ်ဆေးခြင်းများ အစရှိသည်တို့ အပါအဝင် ဖြစ်သည်။ ဤအမျိုးမျိုးသော စစ်ဆေးမှုကိရိယာများဟုဆိုရာတွင် ပညာရေး တိုးတက်မှုအခြေအနေအား တိုင်းတာစစ်ဆေးမှုများ (MAP) ၊ သိမြင်စပ်ဆက်နိုင်စွမ်းများ စစ်ဆေးမှု (CogAT) ၊ Naglieri နှုတ်ဖြေမဟုတ်သော စွမ်းဆောင်နိုင်စွမ်းများ စစ်ဆေးမှု (NNAT) ၊ Torrance ၏ ဖန်တီးတွေးခေါ်နိုင်စွမ်း စစ်ဆေးမှု (TTCT) ၊ Iowa အခြေခံကျွမ်းကျင်မှုများ စစ်ဆေးမှု (ITBS) နှင့် Renzulli စစ်ဆေးမှု အစရှိသည်တို့ ပါဝင်ပေသည်။

3. **ဤခရိုင်အတွင်း ကျောင်းသားတစ်ဦးအား မွေးရာပါ အထုံပါရမီရှိသူတစ်ဦးအဖြစ် သတ်မှတ်ဖို့ငှာ မည်သို့သော စံသတ်မှတ်ချက်များ ထားရှိထားသနည်း။**
Dekalb ကောင်တီကျောင်းခရိုင်သည် မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှုများအတွက် ကျောင်းသားများ၏ အရည်အချင်းပြည့်မီမှုနှင့်စပ်လျဉ်း၍ Georgia ပြည်နယ် ပညာရေးဘုတ်အဖွဲ့၏ စည်းမျဉ်း 160-4-2-.38 နှင့်အညီ လိုက်နာဆောင်ရွက်ပါသည်။ www.DeKalbSchoolsGA.org/Gifted/ အား ကလစ်နှိပ်ပြီးနောက် အရည်အချင်းပြည့်မီမှု စံသတ်မှတ်ချက် အသေးစိတ်များအား စစ်ဆေးကြည့်ရှုဖို့ငှာ "Eligibility (အရည်အချင်းပြည့်မီမှု)" အား ကလစ်နှိပ်ပါ။

4. **မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအတွင်း ဆက်လက်ရှိနေနိုင်ဖို့ငှာ ကျောင်းသားများသည် မည်မျှမကြာခဏ ပြန်လည်အကဲဖြတ်သုံးသပ်မှု ခံယူဖို့ လိုအပ်ပါသနည်း။** ကျောင်းသားတစ်ဦးသည် မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှုများအတွက် တစ်ကြိမ်အရည်အချင်းပြည့်မီပြီးသည်နှင့် တစ်ပြိုင်နက် နောက်ထပ်သော အကဲဖြတ်သုံးသပ်မှုများအား ခံယူဖို့ မလိုအပ်တော့ပေ။

5. **မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများအတွက် မည်သည့်အမျိုးအစားသော ဝန်ဆောင်မှုများကို ရရှိနိုင်မည်နည်း။** - မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုများအား သတ်မှတ်ဆုံးဖြတ်ရာတွင် ဒေသခံကျောင်းအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် သင်ကြားပို့ချမှု နမူနာမော်ဒယ်အားဖြင့် သတ်မှတ်ဆုံးဖြတ်ပေသည်။ www.DeKalbSchoolsGA.org/Gifted/ အား ကလစ်နှိပ်ပြီးနောက် ဝန်ဆောင်မှု နမူနာမော်ဒယ်များနှင့်ပတ်သက်သည့် အသေးစိတ်များအား စစ်ဆေးကြည့်ရှုဖို့ငှာ "Programs (အစီအစဉ်များ)" အား ကလစ်နှိပ်ပါ။

6. **ဤခရိုင်အတွင်းတွင် မူလတန်းမှ အလယ်တန်းနှင့် အထက်တန်းသို့ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ အစီအစဉ် ကူးပြောင်းမှုများသည် မည်သို့ရှိသနည်း။**
- မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုများအား သတ်မှတ်ဆုံးဖြတ်ရာတွင် ဒေသခံကျောင်းအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် သင်ကြားပို့ချမှု နမူနာမော်ဒယ်အားဖြင့် သတ်မှတ်ဆုံးဖြတ်ပေသည်။ ဒေသခံ အချက်အလက်များ

(ဆိုလိုသည်မှာမွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများ အရေအတွက်၊ မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာ၊ဆရာမများ၊ ကျောင်းအချိန်စာရင်း အစရှိသည်တို့) အပေါ်တွင်အခြေခံကာ ဒေသခံစာသင်ကျောင်း၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုအား ရွေးချယ်ရာတွင် အထောက်အကူပြုပေးရန်အလို့ငှာ ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအဖွဲ့သည် ကျောင်းစီမံအုပ်ချုပ်မှုအား ဆက်လက် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။

7. **မိဘများသည် မိမိတို့၏ကလေးအား မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်အတွက် စစ်ဆေးမှုခံယူစေနိုင်ပါသလား သို့မဟုတ် စစ်ဆေးမှုရယူသင့်၊မသင့် ဆရာ၊ဆရာမများမှသာလျှင် သတ်မှတ်ဆုံးဖြတ်ပေးပါမည်လား။** - DeKalb ကောင်တီကျောင်းခရိုင်သည် ပညာရေး စွမ်းဆောင်ချက် တိုင်းတာမှုများ (MAP) အကဲဖြတ်စစ်ဆေးမှုအား ၎င်း၏ အဓိက ဘုံစစ်ဆေးမှုတစ်ခုအဖြစ် အသုံးပြု၍ ဂရိတ် K-11 ရှိ ကျောင်းသားများ အားလုံးအတွက် အလိုအလျောက် ရည်ညွှန်းထောက်ခံမှု လုပ်ငန်းစဉ်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။ ကျောင်းသားများသည် ပညာရေး စွမ်းဆောင်ချက် တိုင်းတာမှုများ (MAP)၊ ITBS၊ CogAT၊ NNAT၊ TTCT နှင့် GES အစရှိသည်တို့ အပါအဝင် ကျောင်းစာသင်နှစ်အတွင်း အကြိမ်ပေါင်းများစွာ စီမံဆောင်ရွက်ထားသည့် အခြားသော အကဲဖြတ်သုံးသပ်မှု ကိရိယာ အမျိုးမျိုးမှ ၎င်းတို့၏ ရလဒ်များအပေါ်တွင် အခြေခံကာ မွေးရာပါ အထုံပါရမီရှိသူ ပညာရေးအတွက် နောက်ထပ်သော အကဲဖြတ်သုံးသပ်မှုအား ရယူသင့်၊မသင့် သတ်မှတ်ဖော်ထုတ်ခံရမည် ဖြစ်ပါသည်။ ဂရိတ် K-10 ရှိ ကျောင်းသားများ အားလုံးသည် ကျောင်းစာသင်နှစ် တစ်နှစ်လျှင် MAP သုံးကြိမ်အား ဖြေဆိုကြရမည် ဖြစ်သည်။

8. **ကျောင်းသားတစ်ဦးသည် မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်အတွက် အကဲဖြတ်သုံးသပ်မှုအား ခံယူပြီးသည်နှင့်တစ်ပြိုင်နက် စစ်ဆေးမှု ရလဒ်များအား ရရှိမည့် အချိန်စာရင်းမှာ မည်သို့နည်း။** ဒေသခံ စာသင်ကျောင်းများနှင့် မိဘများတို့အနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ၎င်းနောက်ဆုံးဆောင်ရွက်ခဲ့သည့် မွေးရာပါ အထုံပါရမီရှိသူ အကဲဖြတ်စစ်ဆေးမှုအပြီး ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။

9. **စာသင်ကျောင်းများတစ်ဝှမ်း မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုများသည် တစ်သမတ်တည်းရှိကြောင်း သေချာစေရန်ငှာ ခရိုင်မှ မည်သို့ ဆောင်ရွက်ပါမည်နည်း။**
ဒေသခံစာသင်ကျောင်းမှ အဆောက်အအုံ စီမံအုပ်ချုပ်မှုသည် ၎င်း၏ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသား ဦးရေထု၏ လိုအပ်ချက်များဖြင့် အကောင်းဆုံး ပြည့်မီကိုက်ညီမှုရှိ၍ ၎င်း၏ ဝန်ထမ်း ထောက်ပံ့နိုင်စွမ်းအားနှင့် တစ်ညီတည်းဖြစ်သော သင်ကြားပို့ချမှု မော်ဒယ်အား သတ်မှတ်ဆုံးဖြတ်ရန်ငှာ အခွင့်အာဏာ အပြည့်အဝရှိပေသည်။ ဤသည်တို့သည် စာသင်ကျောင်း တစ်ကျောင်းနှင့်တစ်ကျောင်း ကွာခြားမှုရှိမည် ဖြစ်သည်။ ဒေသခံ အချက်အလက်များ (ဆိုလိုသည်မှာမွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများ အရေအတွက်၊ မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာ၊ဆရာမများ၊ ကျောင်းအချိန်စာရင်း အစရှိသည်တို့) အပေါ်တွင်အခြေခံကာ ဒေသခံစာသင်ကျောင်း၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုအား ရွေးချယ်ရာတွင် အထောက်အကူပြုပေးရန်အလို့ငှာ ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအဖွဲ့သည် ကျောင်းစီမံအုပ်ချုပ်မှုအား ဆက်လက် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအဖွဲ့သည် ခရိုင်တစ်ဝှမ်းမှ စာသင်ကျောင်းများရှိ အတန်းများကို ပုံမှန် လည်ပတ်ကြည့်ရှု၍ ဆရာ၊ဆရာမများ နှင့် ကျောင်းခေါင်းဆောင်များထံ လမ်းညွှန်ချက်များ၊ သင်တန်းများ နှင့် မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး အတန်းများအတွင်းမှ သင်ကြားပို့ချမှု အခြေအနေများနှင့်ပတ်သက်သော တုံ့ပြန်မှတ်ချက်များတို့ကို ပုံမှန် ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

10. **စိတ်ခံစားချက်ပိုင်းဆိုင်ရာ သို့မဟုတ် လူမှုဆက်ဆံရေးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများနှင့်ပါ ရင်ဆိုင်နေရသည့် မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအား ထောက်ပံ့ပေးရန်ငှာ မည်သည့် အရင်းအမြစ်များအား ရရှိနိုင်ပါသနည်း။**
မိဘများ/အုပ်ထိန်းသူများ၊ ထို့ပြင် မွေးရာပါ အထုံပါရမီရှိအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသူဖြစ်စေ၊ ဖော်ထုတ်သတ်မှတ်ခံရခြင်းမရှိသူဖြစ်စေ DeKalb ကောင်တီကျောင်းခရိုင်အတွင်းမှ ကျောင်းသားတိုင်းသည် အပြုသဘောဆောင်သည့် စိတ်ကျန်းမာရေး နှင့် ဖူလုံပြည့်စုံရေး ပံ့ပိုးမှုများနှင့်သက်ဆိုင်သော အရင်းအမြစ်များနှင့် အချက်အလက်များအား ဝင်ရောက်ရယူနိုင်ဖို့အလို့ငှာ မိမိတို့စာသင်ကျောင်း၏ အကြံပေးအတိုင်ပင်ခံ၊ ကျောင်း၏ စိတ်ကျန်းမာရေးပညာရှင်၊ လူမှုရေးလုပ်သား သို့မဟုတ် စာသင်ကျောင်း စီမံအုပ်ချုပ်သူထံသို့ ဆက်သွယ်သင့်ပေသည်။

11. **အကယ်၍ ကျောင်းသားဖြစ်သူသည် ကျောင်းစနစ်ပြင်ပတွင် စီမံဆောင်ရွက်သည့် အခြားသော စိတ်စွမ်းရည် အကဲဖြတ်စစ်ဆေးမှုများအား ခံယူခဲ့လျှင် ၎င်းရမှတ်များအား ထည့်သွင်းစဉ်းစားပေးနိုင်ပါသလား။** - အရည်အချင်းပြည့်မီမှုအား သတ်မှတ်ဆုံးဖြတ်ရန်အတွက် ပြင်ပ/ပုဂ္ဂလိက အရင်းအမြစ်မှ ဆောင်ရွက်သော စစ်ဆေးမှု ဒေတာအချက်အလက်များကို အသုံးပြုနိုင်မည် မဟုတ်ပေ၊ နောက်ထပ်သော အကဲဖြတ်သုံးသပ်မှုအား ဆောင်ရွက်ရန်အတွက် အခြေခံအချက်တစ်ခုအနေဖြင့်မူ အသုံးပြုကောင်း အသုံးပြုပေမည်။

12. **သင်ယူလေ့လာမှုဆိုင်ရာ မသန်စွမ်းမှုများ သို့မဟုတ် အခြားသော အထူးလိုအပ်ချက်များ ရှိသည့် မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအတွက် မည်သည့် နေရာချပြင်ဆင်မှုများအား ပြုလုပ်ပေးထားပါသနည်း။** -ကျောင်းသားဖြစ်သူသည် သင်ရိုးညွှန်းတမ်းသို့

ဝင်ရောက်ရယူနိုင်၍ ထို့ပြင်/သို့မဟုတ် ပညာရေး စံသတ်မှတ်ချက်များနှင့်အညီ သင်ကြားပို့ချခံရကြောင်း သေချာစေရန်အလို့ငှာ တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် (IEP) သို့မဟုတ် 504 အစီအစဉ်အတွင်း ဖော်ပြထားသည့် နေရာချထားစီစဉ်မှု မှန်သမျှနှင့်အညီ လိုက်နာဆောင်ရွက်ပေးရမည် ဖြစ်သည်။

13. **မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအား ဖော်ထုတ်ရာတွင် MAP ရမှတ်များသည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်သနည်း၊ ထို့ပြင် လုပ်ငန်းစဉ်အတွင်း ၎င်းတို့အား မည်သို့ အသုံးပြုထားသနည်း။** - ပညာရေးဆိုင်ရာ တိုးတက်မှုအခြေအနေ တိုင်းတာချက် (MAP) အကဲဖြတ်စစ်ဆေးမှုသည် မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေးနှင့်ပတ်သက်၍ Georgia ပညာရေးဌာန၏ စံသတ်မှတ်ချက်များအတွင်းမှ အောင်မြင်မှု ဒိုမိန်း လေးခုကို ကိုယ်စားပြုဖြည့်ဆည်းပေးနိုင်ပြီး၊ ဂရိတ် K-11 ရှိ ကျောင်းသားများ အားလုံးအတွက် ခရိုင်၏ အဓိက ဘုံစစ်ဆေးချက်တစ်ခုအနေဖြင့် ၎င်းအား အသုံးပြုသည်။ စာဖတ်စွမ်းရည် သို့မဟုတ် သင်္ချာဘာသာရပ်တွင် ပြည်နယ်၏ စံသတ်မှတ်ချက် ရာခိုင်နှုန်းစု 90[စုမြောက်] သို့မဟုတ် ၎င်းအထက် ရရှိသော၊ **သို့မှမဟုတ်** စာဖတ်စွမ်းရည် သို့မဟုတ် သင်္ချာဘာသာရပ်တွင် ရာခိုင်နှုန်းစု 75 စုမြောက် - 89 စုမြောက်အတွင်း ရမှတ်ရရှိသော ကျောင်းသားများသည် အခြားသော မွေးရာပါ အထုံပါရမီရှိသူ အရည်အချင်းပြည့်မီမှုဆိုင်ရာ စစ်ဆေးကိရိယာများဖြင့် နောက်ထပ်သော အကဲဖြတ်စစ်ဆေးမှုကို ခံယူကြရမည် ဖြစ်သည်။ ဂရိတ် K-10 ရှိ ကျောင်းသားများ အားလုံးသည် ကျောင်းစာသင်နှစ် တစ်နှစ်လျှင် MAP သုံးကြိမ်အား ဖြေဆိုကြရမည် ဖြစ်သည်။

14. **မိဘများသည် မိမိတို့ကလေး၏ မွေးရာပါ အထုံပါရမီ စစ်ဆေးမှု ရမှတ်များ နှင့် အကဲဖြတ်သုံးသပ်မှုများ အစရှိသည်တို့နှင့်စပ်လျဉ်းသော အချက်အလက်များကို မည်သို့ ဝင်ရောက်ရယူနိုင်မည်နည်း။-** မိဘ/အုပ်ထိန်းသူထံ အသိပေးအကြောင်းကြားမှုအား ဒေသခံ စာသင်ကျောင်းမှ ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်သည်။ မိဘများအနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။ စာရွက်စာတမ်း အထောက်အထားများအတွင်းတွင် အရည်အချင်းပြည့်မီကြောင်း စာတစ်စောင်၊ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက်၊ ကျောင်းသား/တစ်ဦးချင်း ရမှတ် အစီရင်ခံချက်၊ နှင့်  မွေးရာပါ အထုံပါရမီရှိသူ အခြေအနေနှင့်ပတ်သက်၍ အရည်အချင်းပြည့်မီမှုဆိုင်ရာ အစီရင်ခံချက်တစ်စောင် အစရှိသည်တို့ ပါဝင်မည် ဖြစ်သည်။

15. **မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်အတွင်းမှ ဆရာ၊ဆရာမများသည် အထူး အသိအမှတ်ပြုလက်မှတ် သို့မဟုတ် သင်တန်းအား ရရှိထားဖို့ရန် လိုအပ်ပါသလား၊ ထို့ပြင် ၎င်းအား မည်သို့ အားသစ်လောင်းဆောင်ရွက်နိုင်မည်နည်း။**
မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများ ပါရှိသည့် သင်ရိုးအစီအစဉ်များသို့ တာဝန်ချမှတ်ခြင်းခံရသော ဆရာ၊ဆရာမများသည် မွေးရာပါ အထုံပါရမီ ပံ့ပိုးရေး ဝန်ဆောင်မှုများအား လက်ခံရရှိထားရမည် ဖြစ်သည်။  DeKalb ကောင်တီကျောင်းခရိုင်သည် Georgia လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ ကော်မရှင်၊ သို့မဟုတ် Georgia လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ ကော်မရှင်မှတစ်ဆင့် ဆရာ၊ဆရာမများကို အသိအမှတ်ပြုသော အခမဲ့ မွေးရာပါ အထုံပါရမီရှိသူ ပံ့ပိုးရေး အစီအစဉ်တစ်ခုကို ကမ်းလှမ်းထောက်ပံ့ပေးပါသည်။ DeKalb ၏ အစီအစဉ်သည့် နာရီပေါင်း 200 ကြာမြင့်သည့် သင်ရိုး အစီအစဉ် လေးခုဖြင့် ဖွဲ့စည်းထားပါသည်။ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအဖွဲ့သည် ခရိုင်၏ သင်ကြားပို့ချမှုနှင့် သတင်းအချက်အလက် နည်းပညာဌာန (DIIT) ဖြင့် ပူးပေါင်းကာ Infinite Campus အတွင်းရှိ မွေးရာပါ အထုံပါရမီနှင့်သက်ဆိုင်သော သင်ရိုးအစီအစဉ်များ၏ ကျောင်းအချိန်စာရင်းကို စောင့်ကြည့်စစ်ဆေးပါသည်။

16. **ခရိုင်သည် ကျောင်းသားတစ်ဦးချင်းအတွက် မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်၏ အောင်မြင်မှုအား မည်သို့ တိုင်းတာပါသနည်း။**
ဆရာ၊ဆရာမများသည် စာသင်ခန်းအတွင်း သင်ကြားပို့ချမှုအား အစီအစဉ်ရေးဆွဲရန်နှင့် မောင်းနှင်ရန်ငှာ ကျောင်းသားအဆင့် အောင်မြင်ရရှိမှု ဒေတာအချက်အလက်များအား အသုံးပြုပါသည်။ ဆရာ၊ဆရာမများသည် ကျောင်းသားများ အားလုံး၏ ဆောင်ရွက်ချက် အခြေအနေအား စဉ်ဆက်မပြတ်ဆိုသလို အကဲဖြတ်စစ်ဆေးပေမည်။  မွေးရာပါ အထုံပါရမီရှိသူ ပညာရေး (Gifted Education) အပါအဝင် အမျိုးမျိုးသော ခရိုင်ဌာနများသည်  ကျောင်းစာသင်နှစ်တစ်လျှောက် ဆရာ၊ဆရာမများအတွက် ပရော်ဖက်ရှင်နယ် သင်ယူလေ့လာမှု စက်ရှင်များကို ထောက်ပံ့ပေးသွားမည် ဖြစ်ကာ ကျောင်းသားတစ်ဦးစီအတွက် ပညာရေးပိုင်း အောင်မြင်မှုများကို ပွဲကိုင်မောင်းနှင်ပေးရန်အလို့ငှာ ကျောင်းသားများ၏ အောင်မြင်ရရှိမှုအပေါ် သုံးသပ်ဝေဖန်၍ တုံ့ပြန်မှတ်ချက်များ ပြုလုပ်သွားမည် ဖြစ်သည်။

17. **အဆင့်မြင့် စွမ်းဆောင်ရည်များကြောင့်ငှာ မိမိတို့၏ လက်ရှိ ဂရိတ်အဆင့်ထက် ကျော်လွန်၍ အရှိန်မြင့်တင်ဆောင်ရွက်ဖို့ရန် လိုအပ်သော ကျောင်းသားများအတွက် မည်သည့် ရွေးချယ်စရာများအား ရရှိနိုင်သနည်း။** မွေးရာပါ အထုံပါရမီ ပံ့ပိုးရေး အစီအစဉ်အားဖြင့် ဆရာ၊ဆရာမများသည် ၎င်းတို့၏ သိမြင်စပ်ဆက်နိုင်စွမ်းအား တိုးချဲ့ ၊ နက်ရှိုင်းစေသည့် သင်ယူလေ့လာမှုဆိုင်ရာ တာဝန်များမှတစ်ဆင့် ၎င်းတို့၏ ချင့်ချိန်တွေးခေါ်နိုင်စွမ်း နှင့် ပိုမိုအဆင့်မြင့်မားသော တွေးခေါ်နိုင်စွမ်းတို့ကို မြင့်တင်ပေးနိုင်သော အတွေ့အကြုံများဖြင့် ကျောင်းသားများအား မိတ်ဆက်၊ စီစဉ်ဆောင်ရွက်ပေးကြရသည်။  ဆရာ၊ဆရာမများသည် ကျောင်းသားများအတွက် သင်ကြားပို့ချမှု နည်းဗျူဟာများအား အသုံးချထားသော စာသင်ခန်းအတွေ့အကြုံများအား ထောက်ပံ့ပေး၍ ၎င်းတို့ သင်ယူလေ့လာသူများ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ဖို့ရန်အတွက်ငှာ မွေးရာပါ အထုံပါရမီ ပံ့ပိုးရေး အစီအစဉ်မှတစ်ဆင့် သင်ယူကြရသည်။

ဂရိတ် သို့မဟုတ် ဘာသာရပ် အရှိန်မြှင့်တင်ဆောင်ရွက်မှုသည် ဒေသခံ စာသင်ကျောင်းတွင် ဆောင်ရွက်သည့် သီးခြား လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ခရိုင်၏ အရှိန်မြှင့်တင်ဆောင်ရွက်မှု လမ်းညွှန်ချက်များသည် ပညာရေးဆိုင်ရာ စိန်ခေါ်မှုရှိသော ပတ်ဝန်းကျင်ထက်ကျော်လွန်၍ ချဲ့ထွင်ထားသော နောက်ထပ် ပညာရေး အခွင့်အလမ်းများကို အကျိုးခံစားခွင့် ရရှိနိုင်မည့် ကျောင်းသားများအတွက် ပံ့ပိုးမှုများ ကူညီထောက်ပံ့ပေးသည်။

18. **မိမိတို့ကလေး၏ မွေးရာပါ အထုံပါရမီရှိသူ အခြေအနေအကြောင်း၊ နှင့် ၎င်းတို့ လက်ခံရရှိမည့် ဝန်ဆောင်မှုများအကြောင်း အစရှိသည်တို့ကို မိဘများထံ မည်သို့ အသိပေးအကြောင်းကြားသနည်း။** မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အား ပြီးမြောက်ဆောင်ရွက်၍ ဤလုပ်ငန်းစဉ်အတွင်း အသုံးပြုထားသော ဒေတာအချက်အလက်များအား ကျောင်းသား သတင်းအချက်အလက် စနစ် (SIS) အတွင်း နေရာချထည့်သွင်းပြီးသည်နှင့်တစ်ပြိုင်နက် ဒေသခံ စာသင်ကျောင်းသည် မိဘ/အုပ်ထိန်းသူထံသို့ အသိပေးအကြောင်းကြားချက်အား ဆက်သွယ်ပေးပို့သွားမည် ဖြစ်သည်။ မိဘများအနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။ စာရွက်စာတမ်း အထောက်အထားများအတွင်းတွင် အရည်အချင်းပြည့်မီကြောင်း စာတစ်စောင်၊ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက်၊ ကျောင်းသား/တစ်ဦးချင်း ရမှတ် အစီရင်ခံချက်၊ ဒေသခံ စာသင်ကျောင်း လက်ကမ်းစာစောင် နှင့် မွေးရာပါ အထုံပါရမီရှိသူ အခြေအနေနှင့်ပတ်သက်၍ အရည်အချင်းပြည့်မီမှုဆိုင်ရာ အစီရင်ခံချက်တစ်စောင် အစရှိသည်တို့ ပါဝင်မည် ဖြစ်သည်။

19. **မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများသည် ၎င်းတို့၏ ပုံမှန် စာသင်ခန်းပြင်ပမှ အပေါင်းအဖော်များဖြင့် ဆက်သွယ်ချိတ်ဆက်ဖို့ရန် အခွင့်အလမ်းများ ရှိပါမည်လား။**
ရှိပါသည်၊ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအနေနှင့် စာသင်ခန်း ပြင်ပမှ မိမိတို့၏ အပေါင်းအဖော်များထံ ဆက်သွယ်ချိတ်ဆက်ဖို့ရန် အခွင့်အလမ်းများ များစွာ ရှိပါသည်။ ဤတွင် မွေးရာပါ အထုံပါရမီရှိသော မူလတန်း နှင့် အလယ်တန်းကျောင်းသား သင်ယူလေ့လာသူများအတွက် နွေရာသီကာလ တိုးချဲ့ထားသော သင်ယူလေ့လာမှု အတွေ့အကြုံများ၊ *ပညာသင်ရင်း ပျော်ရွှင်ဖွယ်ရာများ ပါဝင်မည် ဖြစ်သည်။* ခရိုင်သည် Helen Ruffin Reading Bowl စာဖတ်ပွဲ၊ နည်းပညာ ပြပွဲ ၊ နှင့် ဒေသဆိုင်ရာ သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ် ပြပွဲများကိုလည်း ထောက်ပံ့စီစဉ်ပေးထားပါသည်။ ကျောင်းသား အောင်မြင်ရရှိမှုဆိုင်ရာ မြို့တော်ဝန်ရုံးခန်း (GOSA) သည် မြို့တော်ဝန်၏ ဂုဏ်ပြု အစီအစဉ် (Honors Program) တစ်ခုအားလည်း စီစဉ်ဆောင်ရွက်ပေးထားပြီး၊ ၎င်းအစီအစဉ်သည် DeKalb ကျောင်းသားများ ပါဝင်၊ လျှောက်ထားနိုင်သည့် အထက်တန်းကျောင်း ဒုတိယနှစ်နှင့် ဂျူနီယာနှစ်များအတွက် အစီအစဉ်တစ်ခု ဖြစ်သည်။

20. **မွေးရာပါ အထုံပါရမီရှိသူ အခြေအနေအား အခြားသော ပြည်နယ် သို့မဟုတ် ခရိုင်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့သည့် လုပ်ငန်းစဉ်မှာ မည်သို့နည်း။**
Georgia ပြည်နယ်သည် ပြည်နယ်ပြင်ပမှ မွေးရာပါ အထုံပါရမီရှိသူ ပညာရေးအတွက် အပြန်အလှန် အပေးအယူဖလှယ်မှုအား ခွင့်ပြုပေးအပ်ထားခြင်း မရှိပေ။ တစ်ခုတည်းသော ခြွင်းချက်အခြေအနေမှာ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်း မိသားစုများမှ ကလေးများအတွက်သာ ဖြစ်သည်။ Georgia ပြည်နယ်အတွင်း မွေးရာပါ အထုံပါရမီရှိသူအဖြစ် သတ်မှတ်ဖော်ထုတ်ခံရသော ကျောင်းသားများသည် Georgia ပညာရေးဌာန၏ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များအရ ၎င်းတို့အား လက်ခံမည့် စာသင်ကျောင်းထံသို့ ကျောင်းသားဖြစ်သူ၏ မွေးရာပါ အထုံပါရမီရှိသူအဖြစ် အရည်အချင်းပြည့်မီကြောင်း အတည်ပြုပေးသော အစီရင်ခံချက် မိတ္တူတစ်စောင်ကို ပေးပို့၊ လက်ခံရရှိပြီးသည်နှင့်တစ်ပြိုင်နက် အပြန်အလှန် အပေးအယူဖလှယ်မှုအား စတင်နိုင်မည် ဖြစ်သည်။ https://www.gadoe.org/Curriculum-Instruction-and-Assessment/Curriculum-and-Instruction/Pages/Gifted-FAQ.aspx#:~:text=There%20is%20no%20mandated%20reciprocity,samples%2C%20and%20recommendations%20from%20teachers.

21. **မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများသည် စာသင်ခန်းအတွင်း လုံလောက်စွာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရကြောင်း သေချာစေရန်အတွက်ဌာ ခရိုင်မှ မည်သို့ ဆောင်ရွက်ပါသနည်း။**
ကျွန်ုပ်တို့သည် နွေရာသီနှင့် ကျောင်းပညာသင်နှစ်တစ်လျှောက် ကာလအတွင်းတွင် ဆရာ၊ဆရာမများထံ ပရော်ဖက်ရှင်နယ် သင်ယူလေ့လာမှုအား ကမ်းလှမ်းထောက်ပံ့ပေးပါသည်။ မေးခွန်းထုတ်ခြင်း/ဆွေးနွေးခြင်းများ နှင့် တုံ့ပြန်မှတ်ချက်ပေးခြင်း/ကြီးထွားဖွံ့ ဖြိုးမှု စိတ်နေစိတ်ထား အစရှိသည်ကဲ့သို့သော ခေါင်းစဉ်အကြောင်းအရာများမှ တစ်ဆင့် ပညာရေးအရ စိန်ခေါ်မှုဖြစ်စေသော ပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ်တို့ ကူညီ ဖန်တီးပေးပါသည်။ ကျောင်းခေါင်းဆောင်များသည်လည်း မိမိတို့၏ စာသင်ကျောင်းအတွင်း မွေးရာပါ အထုံပါရမီရှိသူနှင့် အခြားသော စာသင်ခန်းများတို့အား ပုံမှန် လေ့လာစောင့်ကြည့် စစ်ဆေးကြပြီး၊ ဆရာ၊ဆရာမများအတွက် တုံ့ပြန်မှတ်ချက်များ၊ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု အခွင့်အလမ်းများ၊ ထို့ပြင် စာသင်ခန်း သင်ကြားပို့ချမှု၏ ထိရောက်မှုနှင့် အရည်အသွေးပိုင်းနှင့်ပတ်သက်၍ အကဲဖြတ်သုံးသပ်မှုများ အစရှိသည်တို့ကို ကမ်းလှမ်းထောက်ပံ့ပေးပါသည်။

22. **DCSD သည် မွေးရာပါ အထုံပါရမီရှိသူ ပညာရေးအတွက် SBOE စည်းမျဉ်းအား လျှော့ပေါ့သက်သာခွင့်ပေးပါသလား။ အကယ်၍ ပေးသည်ဆိုလျှင် မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများထံ ဝန်ဆောင်မှုပေးပုံအပေါ် ၎င်းသည် မည်သို့ သက်ရောက်မှုရှိပါသနည်း။** -မဟုတ်ပါ။ DeKalb

ကောင်တီကျောင်းခရိုင်သည် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအပေါ် အစိုးရသော စည်းမျဉ်းများအတွက် Georgia ပြည်နယ် ပညာရေးဘုတ်အဖွဲ့ ထံမှ လျှော့ပေါ့သက်သာခွင့်အား မရရှိထားပါ။

23. **ကျောင်းသား၏ မွေးရာပါ အထုံပါရမီရှိသူ အခြေအနေအား တစ်နှစ်ပြီးတစ်နှစ် ထိန်းသိမ်းထားရန်အတွက် စံသတ်မှတ်ချက်မှာ မည်သို့နည်း။**
မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးထားသော ဆက်လက်ဆောင်ရွက်မှု သဘောတူညီချက်တစ်ခုအတွင်း ဖော်ပြထားသည်မှာ ကျောင်းသားဖြစ်သူအနေနှင့် အကယ်၍ ဝန်ဆောင်မှုသည် အရင်းအမြစ် မော်ဒယ်တစ်ခုမှတစ်ဆင့်ဖြစ်လျှင် မွေးရာပါ အထုံပါရမီရှိသူ အတန်း(များ) အတွင်းမှ စိတ်ကျေနပ်ဖွယ်သော တိုးတက်မှုအခြေအနေအား ဆက်လက် ထိန်းသိမ်းထားရမည် ဖြစ်ကာ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ သင့်တော်ရာ အတန်းများအတွင်း စုစုပေါင်း ပျမ်းမျှ "B" (80% အောက် မနည်းစေဘဲ) ထိန်းသိမ်းထားရမည် ဖြစ်သည်၊ ထို့ပြင် အကယ်၍ ကျောင်းသား၏ အလုံးစုံသော အောင်မြင်ရရှိမှုသည် စိတ်ကျေနပ်ဖွယ်ရာမရှိကြောင်း သတ်မှတ်ယူဆခဲ့လျှင် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ အတန်း(များ)အတွင်း ဆက်လက် ပါဝင်နိုင်ရန်အတွက် ဆောင်ရွက်ချက်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်သည်။

24. **ခရိုင်သည် မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်အတွင်းမှ ကိုယ်စားပြုမှုအလွန်အားနည်းနေသော လူနည်းစု သို့မဟုတ် ဝင်ငွေနိမ့် ကျောင်းသားများတို့အတွက် မည်သို့ ဖြေရှင်းပေးပါမည်နည်း။**
DeKalb ကောင်တီကျောင်းခရိုင်သည် မွေးရာပါ အထုံပါရမီရှိသူ အရည်အချင်းများဖြင့် ပြည့်မီသော ကျောင်းသားများ အားလုံးအတွက် မွေးရာပါ အထုံပါရမီရှိသူ ပညာရေးတွင် ထည့်သွင်းစဉ်းစားခံရစေဖို့ရာ လုံလောက်သော အခွင့်အလမ်းများကို ထောက်ပံ့ပေးသွားဖို့ရန် ကတိကဝတ်ပြုထားပါသည်။ ကျောင်းစာသင်နှစ်အတွင်း မွေးရာပါ အထုံပါရမီရှိသူအဖြစ် ကျောင်းသားများ အကဲဖြတ်စစ်ဆေးမှုခံယူနိုင်မည့် အချိန်ဘောင်သတ်မှတ်ချက်များအား တိုးမြှင့်ခြင်း၊ မွေးရာပါ အထုံပါရမီရှိသူအဖြစ် ကျောင်းသားများအား စစ်ဆေးဖော်ထုတ်ရန်ဌာ ကျွန်ုပ်တို့ အသုံးပြုသည့် ကိရိယာများ အရေအတွက်အား တိုးမြှင့်ခြင်း (၎င်းတွင် အမျိုးမျိုးသော ဘာသာစကားများဖြင့် အချို့အား ကမ်းလှမ်းထောက်ပံ့ပေးခြင်းများလည်း ပါဝင်ပါသည်)၊ ကျောင်းစာသင်နှစ် တစ်နှစ်လျှင် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးနှင့်ပတ်သက်သော ပညာပေး စက်ရှင်များအား မိဘများထံ အကြိမ်ပေါင်းများစွာ ကမ်းလှမ်းထောက်ပံ့ပေးခြင်း၊ ကျောင်းစာသင်နှစ်အတွင်း ဆရာ၊ဆရာမများမှ မွေးရာပါ အထုံပါရမီရှိသူ ကလေးများ၏ စရိုက်လက္ခဏာများအား ဖော်ထုတ်နိုင်ဖို့ရန်ဌာ ဆရာ၊ဆရာမများ ကျွမ်းကျင်မှု ဖွံ့ဖြိုးလာစေဖို့ အခွင့်အလမ်းများ တိုးမြှင့်ထောက်ပံ့ပေးခြင်း၊ ထို့ပြင် DeKalb ကောင်တီအတွင်းရှိ ကိုယ်စားပြုမှုအလွန်နည်းပါးလျက်ရှိသော ကျွန်ုပ်တို့၏ ဧရိယာများအတွင်းမှ စာသင်ကျောင်းများတွင် သင်ကြားပို့ချသော ဆရာ၊ဆရာမများအတွက် မွေးရာပါ အထုံပါရမီ ပံ့ပိုးပေးရေး အစီအစဉ်များတွင် ပါဝင်ဖို့ရန်ဌာ နေရာများ ခွဲဝေချမှတ်ပေးခြင်း အစရှိသည်တို့အားဖြင့် ကျွန်ုပ်တို့သည် မွေးရာပါ အထုံပါရမီရှိသူ ပညာရေးအတွင်းမှ လက်ရှိ ဝေပုံအချိုးမကျမှုများအား ဖြေရှင်းဆောင်ရွက်ဖို့ဌာ အသစ်သက်တမ်းတိုးထားသော အာရုံပြုလုပ်ဆောင်မှုအား မကြာသေးမီက ရရှိထားပါသည်။

25. **မွေးရာပါ အထုံပါရမီရှိသူ အစီအစဉ်များတွင် ပါဝင်ရန်အတွက် ကျောင်းသားများအား ဖော်ထုတ်ရာတွင် တီထွင်ဖန်တီးနိုင်စွမ်း နှင့် စိတ်လှုံ့ဆော်တက်ကြွမှုတို့သည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။** တီထွင်ဖန်တီးနိုင်စွမ်း နှင့် စိတ်လှုံ့ဆော်တက်ကြွမှုတို့သည် မွေးရာပါ အထုံပါရမီရှိသူအား သတ်မှတ်ဖော်ထုတ်ရန်ဌာ Georgia ပညာရေးဌာန၏ စံသတ်မှတ်ချက်များအတွင်း ဖော်ပြထားသည့် ဒိုမိန်းလေးခု (စိတ်စွမ်းရည်၊ အောင်မြင်ရရှိမှု၊ တီထွင်ဖန်တီးနိုင်စွမ်း နှင့် စိတ်လှုံ့ဆော်တက်ကြွမှု) ထဲမှ နှစ်ခု ဖြစ်ပေသည်။

26. **မိဘများသည် မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအတွက် အရင်းအမြစ်များ သို့မဟုတ် ပံ့ပိုးထောက်ပံ့မှု ဝန်ဆောင်မှုများကို ကျောင်းချိန်ပြင်ပတွင် သို့မဟုတ် နွေရာသီကာလ အတောအတွင်းတွင် မည်သို့ ဝင်ရောက်ရယူနိုင်မည်နည်း။ ကျောင်းပြင်ပတွင် မည်သည့် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ အရင်းအမြစ်များကို ရရှိနိုင်မည်နည်း။ ၎င်းတို့အား အိမ်ရှိ တက်ဘလက် သို့မဟုတ် PC မှတစ်ဆင့် ဝင်ရောက်ရယူနိုင်ပါမည်လား။**
Clever/Launchpad အတွင်းတွင် သင့်ကလေးအတွက် ရရှိနိုင်သော အရင်းအမြစ်များ များစွာ ရှိပါသည်။ အွန်လိုင်း အရင်းအမြစ်များသည် 24/7 အစဉ် ဝင်ရောက်ရယူနိုင်ပြီး၊ တက်ဘလက် သို့မဟုတ် အိမ်သုံး ကွန်ပျူတာတစ်လုံးမှတစ်ဆင့် ဝင်ရောက်ရယူနိုင်ပါသည်။

27. **မွေးရာပါ အထုံပါရမီရှိသော ကျောင်းသားများသည် ၎င်းတို့၏ လိုအပ်ချက်များဖြင့် သင့်တော်ကိုက်ညီမှုရှိသော ခြားနားသည့် သင်ကြားပို့ချမှုများအား လက်ခံရရှိကြကြောင်း သေချာစေရန်ဌာ ခရိုင်အနေနှင့် မည်သည့် ခြေလှမ်းအဆင့်များကို ဆောင်ရွက်ထားပါသနည်း။**
ကျောင်းခေါင်းဆောင်များသည် ကျောင်းသား ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အဆင့် နှင့် ဂရိတ်အတန်းနှင့်အညီ ချမှတ်သော တာဝန်များတို့အား သတ်မှတ်ဆုံးဖြတ်ရန်အလို့ဌာ ရှောင်တခင် စစ်ဆေးလေ့လာမှုများ နှင့် တရားဝင် လေ့လာစောင့်ကြည့်မှုများတို့ကို ပုံမှန် လှည့်ပတ် ဆောင်ရွက်ပါသည်။ သင်ခန်းစာ အစီအစဉ်နှင့်ပတ်သက်၍ လိုအပ်သော ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်စေရန်ဌာ ဆရာ၊ဆရာမများထံ ရေးသား တုံ့ပြန်မှတ်ချက်များအား ပေးအပ်ပါသည်။ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးဌာနသည် ခြားနားချက်၊ သင်ကြားပို့ချမှုဆိုင်ရာ နည်းဗျူဟာများ အစရှိသည့် အကြောင်းအရာ ခေါင်းစဉ်များ ပါဝင်သည့် လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပရော်ဖက်ရှင်နယ် သင်တန်းအား နွေရာသီကာလ နှင့် ကျောင်းပညာသင်နှစ်အတွင်း ကမ်းလှမ်းထောက်ပံ့ပေး၍ ပညာရေးဆိုင်ရာ စိန်ခေါ်မှုများရှိသော ပတ်ဝန်းကျင်တစ်ခုအား ဖန်တီးပေးခြင်းအားဖြင့် ဒေသခံ စာသင်ကျောင်း စီမံအုပ်ချုပ်သူများ နှင့် ဆရာ၊ဆရာမများတို့အတွက် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။

28. **ကျောင်းအဆင့်တွင် သင့်တင့်သော သင်ကြားပို့ချမှု နမူနာမော်ဒယ်အား သတ်မှတ်ဆုံးဖြတ်ရာတွင် မည်သည့် အချက်များအား ထည့်သွင်းစဥ်းစားပါသနည်း။** မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းခံရသော ကျောင်းသား အရေအတွက်၊ မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာ၊ဆရာမများ၊ နှင့် ကျောင်းအချိန်စာရင်း အစရှိသည်တို့သည် သင့်တင့်သော သင်ကြားပို့ချမှုနည်းလမ်းအား သတ်မှတ်ဆုံးဖြတ်ရန်အတွက် ထည့်သွင်းစဥ်းစားသော ဥပမာ အချက်အလက်များ ဖြစ်သည်။ ဒေသခံ စာသင်ကျောင်းအဆင့်တွင် ပြုလုပ်သော ဆုံးဖြတ်ချက်များအား ၎င်းစာသင်ကျောင်း၏ စီမံအုပ်ချုပ်မှုအဖွဲ့ မှ ပြုလုပ်ခြင်း ဖြစ်ပါသည်။

29. **မွေးရာပါ အထုံပါရမီဆိုင်ရာ အသိအမှတ်ပြုမှု နှင့် နှင့် မွေးရာပါ အထုံပါရမီရှိ ပံ့ပိုးမှုတို့အကြား ခြားနားချက် ရှိပါသလား။** မရှိပါ။ နှစ်ခုစလုံးသည် ဆရာ၊ဆရာမဖြစ်သူမှ Georgia လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ ကော်မရှင် သို့မဟုတ် Georgia လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ ကော်မရှင်မှ ထောက်ခံခွင့်ပြုထားသည့် အစီအစဥ်တစ်ခုအား ပြီးမြောက်ထားပြီးဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်သည်။

30. **ဆရာ၊ဆရာမတစ်ဦးချင်းသည် မွေးရာပါ အထုံပါရမီရှိမှုအား အမှန်တကယ် စီမံဆောင်ရွက်ပေးနိုင်ကြောင်း သေချာအောင် ကျွန်ုပ်တို့ မည်သို့ ဆောင်ရွက်နိုင်မည်နည်း။ ကျွန်ုပ်တို့၏ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများ၏ အသေးစိတ် လိုအပ်ချက်များအား ပြည့်မီစေရန်အတွက် ဆရာ၊ဆရာမများမှ မည်သို့ တာဝန်ယူပေးနိုင်မည်နည်း။**
မွေးရာပါ အထုံပါရမီ ပံ့ပိုးမှု အစီအစဥ်အတွင်းတွင် ဆရာ၊ဆရာမများသည် မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများ၏ သဘာဝ နှင့် လိုအပ်ချက်များ၊ မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများအတွက် သင်ရိုးညွှန်းတမ်းများ နှင့် နည်းဗျူဟာများ၊ မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများအတွက် နည်းလမ်းများ နှင့် ထောက်ကူပစ္စည်းများ၊ ထို့ပြင် မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများအတွက် တိုင်းတာမှုများ နှင့် အကဲဖြတ်စစ်ဆေးမှုများ အစရှိသည့် နယ်ပယ်ရပ်အသီးသီးတွင် ပါဝင်ဆောင်ရွက်ကြရသည်။. ဤသင်ရိုးနယ်ပယ်ရပ် လေးမျိုးစလုံးသည် သင်ရိုး ထောက်ကူပစ္စည်းများအား အသုံးပြုခြင်းအပေါ် အဓိကအာရုံစိုက်၍ လက်တွေ့ ကွင်းဆင်း အတွေ့အကြုံများ ပါရှိပေသည်။ ဆရာ၊ဆရာမများသည် သင်ကြားပို့ချမှုအား မောင်းနှင်စီမံရန်နှင့် ၎င်းတို့၏ သင်ခန်းစာ အစီအစဥ်များအတွင်း ခြားနားချက်အား မှတ်တမ်းပြုထားရန် အစရှိသည်တို့အတွက်ဌာ ဒေတာအချက်အလက်များကို အသုံးပြုကြရပေမည်။

31. **မိမိတို့ ကလေးများ၏ မွေးရာပါ အထုံပါရမီနှင့်သက်ဆိုင်သော လိုအပ်ချက်များကို ပံ့ပိုးပေးရန် နှင့် နားလည်နိုင်ရန်အလို့ငှာ မိဘများ အသုံးပြုနိုင်မည့် စာအုပ်များ/အခြားသော အရင်းအမြစ်များ တစ်စုံတစ်ရာ ရှိပါသလား။**
မိဘများအတွက် ရရှိနိုင်သော အရင်းအမြစ်များ များစွာ ရှိပါသည်။ အရင်းအမြစ်များအား ခြေရာခံရှာဖွေရန်အတွက် ပထမအဆင့်များအနေအဖြစ် Georgia ပညာရေးဌာန၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ စာမျက်နှာ နှင့် မွေးရာပါ အထုံပါရမီရှိသူ ကလေးများအတွက် နိုင်ငံတော် အစည်းအရုံး (National Association for Gifted Children) တို့အား အသုံးပြုဖို့ရန် ကျွန်ုပ်တို့ အကြံပြုထောက်ခံအပ်ပါသည်။

32. **ကျောင်းသားများသည် မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး အကဲဖြတ်စစ်ဆေးမှုများတွင် နှစ်စဉ်ဆက်တိုက် ပါဝင်စစ်ဆေးမှုခံယူနိုင်ပါမည်လား။**
ဟုတ်ကဲ့၊ ခံယူနိုင်ပါသည်။ DeKalb ကောင်တီကျောင်းခရိုင်သည် မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဥ်တစ်ခုအား နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

33. **ပုံမှန် ကျောင်းပညာသင်နှစ်တစ်နှစ်အတွင်း ဤစစ်ဆေးမှုအတွက် အချိန်စာရင်းမှာ မည်သို့နည်း။ ဥပမာအားဖြင့် ဆောင်းဦးတွင် MAP စစ်ဆေးမှုခံယူခဲ့သော ကျောင်းသားတစ်ဦးသည် နွေဦး၌ မွေးရာပါ အထုံပါရမီရှိသူ အစီအစဥ်တစ်ခုတွင် စတင်ပါဝင်နိုင်ပါမည်လား။** - DeKalb ကောင်တီကျောင်းခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး အကဲဖြတ်စစ်ဆေးမှု ကာလသည် စက်တင်ဘာလ 3 ရက်၊ 2024 - အောက်တိုဘာလ 4 ရက်၊ 2024 အတွင်း ဖြစ်သည်။ မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများသည် အစောဆုံးအနေနှင့် ဒုတိယ စာသင်နှစ်ဝက်တွင် ဝန်ဆောင်မှုများအား စတင်လက်ခံရရှိရန် အချိန်စာရင်းရေးဆွဲခံထားရနိုင်ပါသည်။ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး နောက်ထပ်တစ်ကြိမ် အကဲဖြတ်စစ်ဆေးမှု ကာလသည် ဖေဖော်ဝါရီလ 3 ရက်၊ 2025 - မတ်လ 7 ရက်၊ 2025 အတွင်း ဖြစ်ပေမည်။ မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများသည် အစောဆုံးအနေနှင့် နွေဦးလောက်တွင် ၎င်းဝန်ဆောင်မှုများအား စတင်ရရှိရန် အချိန်စာရင်းရေးဆွဲထားခံရနိုင်ပါသည်။

34. **ကျောင်းတစ်ကျောင်းရှိ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများ စုစုပေါင်း အရေအတွက်အပေါ် အခြေခံပြီး ဝန်ထမ်းများအား မည်သို့ တာဝန်ခွဲအပ်ချမှတ်ပေးပါမည်နည်း။ စာသင်ကျောင်းများသည် ၎င်းတို့ကျောင်းရှိ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအား ဝန်ဆောင်မှုပေးရန်အလို့ငှာ အပိုဆောင်း ဆရာ၊ဆရာမ ခွဲအပ်နေရာချထားမှုများအား လက်ခံရရှိပါမည်လား။**
ဝန်ထမ်း တာဝန်ခွဲအပ်ချထားမှုများသည် ကျောင်းသားတစ်ဦးချင်းစီ၏ စာရင်းအပ်နှံမှု၊ ဝန်ထမ်းခန့်အပ်ထားမှုအခြေအနေ နှင့် စာသင်ကျောင်း လိုအပ်ချက်များ အစရှိသည်တို့အပေါ်တွင် အခြေခံကာ ၎င်းဒေသခံ စာသင်ကျောင်း၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များသာ ဖြစ်ပေသည်။ Georgia ပြည်နယ် ပညာရေးဘုတ်အဖွဲ့၏ စည်းမျဥ်း 160-4-2-.38 အရ ထောက်ခံခွင့်ပြုထားသော မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှု မော်ဒယ်တစ်ခုအားဖြင့် မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာ၊ဆရာမ တစ်ဦးမှ ဝန်ဆောင်မှုပေးခြင်းကို ရရှိသည့် မွေးရာပါ

အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများသည် ကျောင်းသားတစ်ဦးစီလျှင် 1.7340 အချိန်ပြည့်နှင့် တန်းတူညီမျှ (FTE) အား ရရှိမည် ဖြစ်သည်။ Georgia ပညာရေးဌာန၏ 2024-2025 ကျောင်းပညာသင်နှစ်အတွက် FTE အလေးချိန်သတ်မှတ်ချက်များအား ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် - https://georgiainsights.gadoe.org/Data-Collections/Documents/FTE%20Resources/FY2025/FY2025%20FTE%20Categories%20and%20Weights.pdf

35. **မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ FTE အား ရရှိဖို့ရန်ဂှာ AP ဆရာတစ်ဦးအနေဖြင့် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ နာရီ 200 မွေးရာပါ အထုံပါရမီရှိသူ သင်ရိုးအစီအစဉ် သို့မဟုတ် ၎င်းထက်ပိုတိုတောင်းသော သင်ရိုးအစီအစဉ်အား ရရှိထားရပါမည်လား။** Georgia ၏ မွေးရာပါ အထုံပါရမီရှိသူ ဝန်ဆောင်မှုများဆိုင်ရာ လက်ကိုင်စာစောင်အရ မွေးရာပါ အထုံပါရမီရှိသူ FTE အလေးချိန်သတ်မှတ်ချက်ရှိ အဆင့်မြင့်နေရာချထားမှု (AP) သို့မဟုတ် နိုင်ငံတကာ ပထမဘွဲ့ဒီကရီ (IB) သင်ရိုးအစီအစဉ်များမှ ဂရိတ် 9-12 တန်းရှိ မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအား ရေတွက်နိုင်ဖို့အလို့ဂှာ ဆရာဖြစ်သူသည် အောက်ဖော်ပြပါသော အရည်အချင်းများ ရှိရမည် ဖြစ်ပါသည် - ဆရာဖြစ်သူသည် Georgia ၏ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ ကော်မရှင်မှ လတ်တလော ထုတ်ပြန်ပေးထားသည့် မွေးရာပါ အထုံပါရမီ ပံ့ပိုးရေး/အသိအမှတ်ပြုလက်မှတ်အား ရရှိထားရမည် ဖြစ်သည်၊ သို့မဟုတ် ၎င်းသက်ဆိုင်ရာ AP သင်ရိုးအစီအစဉ်အတွက် ကောလိပ်ဘုတ်အဖွဲ့ မှ ပံ့ပိုးပေးထားသော သင့်တော်ရာ AP နွေရာသီ အဖွဲ့အစည်းသင်တန်းအား ပြီးမြောက်ထားရမည် ဖြစ်သည်၊ ထို့ပြင် မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများ၏ သဘာဝ နှင့် လိုအပ်ချက်များတို့ဖြင့် သက်ဆိုင်သော၊ ထို့အတူ မွေးရာပါ အထုံပါရမီရှိသော သင်ယူလေ့လာသူများအတွက် သင်ရိုးညွှန်းတမ်းဆိုင်ရာ ခြားနားချက်များတို့နှင့်ပတ်သက်သော 10 နာရီကြာ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သင်ရိုးအား ပြီးမြောက်ထားရမည် ဖြစ်သည်။ https://lor2.gadoe.org/gadoe/file/1dacad8d-a918-4dcc-afae-4ab1172eda82/1/_2024-2025%20Gifted%20Resource%20Manual_.pdf (စာမျက်နှာ 16-17)

36. **ဘလော့ခ် အချိန်စာရင်း HS တစ်ခုရှိ HS ကျောင်းသားတစ်ဦးအတွက် မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေး အပိုင်း မည်မျှအား လိုအပ်ပါသနည်း (စာသင်နှစ်ဝက်တစ်ခုလျှင် 4 Carnegie  ယူနစ် ရရှိသည်)။** - Georgia ပြည်နယ် ပညာရေးဘုတ်အဖွဲ့၏ စည်းမျဉ်း 160-4-2-.38 အရ - *မွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရ၍ မိမိတို့၏ ပါဝင်မှုအတွက် မိဘထံမှ ခွင့်ပြုချက်အား ရရှိထားပြီးသားဖြစ်သော ကျောင်းသားများသည် မွေးရာပါ အထုံပါရမီရှိသူ ပညာရေး ဝန်ဆောင်မှုများအား တစ်ပတ်လျှင် အနည်းဆုံး အပိုင်း ငါးပိုင်း (သို့မဟုတ် တစ်နှစ်တာဖြင့် ညီမျှသည်) အား လက်ခံရရှိမည်ဖြစ်ကာ မွေးရာပါ အထုံပါရမီရှိသူ ပညာရေး ဝန်ဆောင်မှုများဆိုင်ရာ GaDOE အရင်းအမြစ် လက်ကိုင်စာအုပ်အတွင်း ဖော်ပြထားသည့် ထောက်ခံခွင့်ပြုထားသော မော်ဒယ်များထဲမှ တစ်ခုအား အသုံးပြု၍ ဝန်ဆောင်မှုများအား လက်ခံရရှိမည် ဖြစ်သည်။*

37. **မွေးရာပါ အထုံပါရမီရှိသူ ကျောင်းသားများအနေနှင့် ၎င်းတို့၏ လိုအပ်ချက်များအား ပြည့်မီစေဖို့ အထောက်အကူပြုပေးရန်အလို့ဂှာ ခရိုင်သည် ပိုမိုသေးငယ်သော အတန်းအရွယ်အစားများအား မည်သို့ ဆောင်ရွက်ထားနိုင်ပါသနည်း။**
မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဌာနသည် စာသင်ကျောင်းများ၏ အတန်း အရွယ်အစားများအား စီမံခန့်ခွဲခြင်း မပြုပေ။ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပရော်ဖက်ရှင်နယ် သင်ယူလေ့လာမှု စက်ရှင်များအတောအတွင်း ဆရာ၊ဆရာမများသည် မကြာခဏဆိုသလို စတေရှင် သင်ကြားမှုပုံစံအား တွေ့ ကြုံကြရပြီး၊ ၎င်းသော စတေရှင် သင်ကြားမှု ပုံစံသည် သင်ယူလေ့လာသူများ အားလုံး၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ဖို့အလို့ဂှာ အုပ်စုများ၏ အရွယ်အစားများအား လျှော့ချပေးသည်။ စာသင်ကျောင်းတစ်ကျောင်းသည် သင်ကြားမှုဆိုင်ရာ နောက်ထပ်သော နေရာချခွဲဝေမှုများ ပိုမိုရရှိလာသည်နှင့်အညီ  ဤအခြင်းအရာသည် အခြားသော ဒေသခံစာသင်ကျောင်းအဆင့် အချက်အလက်များအပေါ် အခြေခံကာ အချို့သော အတန်းများ၏ အရွယ်အစားများအား လျှော့ချပေးဖို့ အထောက်အကူဖြစ်စေပါသည်။ DeKalb ကောင်တီကျောင်းခရိုင်သည် ပြည်နယ်နှင့် ခရိုင်၏ နည်းဗျူဟာပိုင်းဆိုင်ရာ လျှော့ပေါ့သက်သာခွင့် စာချုပ်တစ်စိတ်တစ်ပိုင်းအရ Georgia ပညာရေးဌာနထံမှ အတန်းအရွယ်အစား လျှော့ပေါ့သက်သာခွင့်အား ရရှိထားပါသည်။ Georgia ပြည်နယ် ပညာရေးဘုတ်အဖွဲ့၏ စည်းမျဉ်း 160-5-1-.08 အတန်း အရွယ်အစားနှင့်ပတ်သက်သည်အား ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် - https://www.gadoe.org/External-Affairs-and-Policy/State-Board-of-Education/SBOE%20Rules/160-5-1-.08.pdf

38. **မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများနှင့်ပတ်သက်၍ ရရှိသော ရလဒ်များအပေါ် ချေပစိန်ခေါ်နိုင်သည့် လုပ်ငန်းစဉ်တစ်ခုခု ရှိပါသလား။** မရှိပါ။ ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုများအား Georgia ပညာရေးဌာနမှ ထောက်ခံခွင့်ပြုထားခြင်း ဖြစ်ပြီး၊ ၎င်းအကဲဖြတ်စစ်ဆေးမှုများအား စီမံဆောင်ရွက်ရာတွင် အကဲဖြတ်စစ်ဆေးမှု နှင့် Georgia ပညာရေးဌာန စာမေးပွဲစစ်ဆေးမှုဆိုင်ရာ လက်ကိုင်အတွင်း ဖော်ပြထားသည့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ စီမံဆောင်ရွက်ထားခြင်း ဖြစ်သည်။